GGI
INSURANCE • အာမခံ

Grand Guardian Insurance Holding Public Co., Ltd.
No. (19/20) A, B, C, D, Junction Square Compound,
Pyay Road, Kamayut Township,
Yangon, Myanmar.

T (+951) 230 5700, 230 5701
F (+951) 230 4368
Hot Line (+951) 230 6366
E info@ggipinsurance.com
www.ggipinsurance.com

## မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီ အထွေထွေအာမခံနှင့် အသက်အာမခံဝန်ဆောင်မှု ပေးနိုင်ရန် Grand Guardian Insurance နှင့် ဂျပန်နိုင်ငံမှ ထိပ်တန်း အာမခံ ကုမ္ပဏီများ ပူးပေါင်းခြင်း

- GGI သည် Tokio Marine (ဂျပန်နိုင်ငံ၏ နံပါတ်တစ် အထွေထွေအာမခံလုပ်ငန်း)၊ Nippon Life (ဂျပန်နိုင်ငံ၏ နံပါတ်တစ် အသက်အာမခံလုပ်ငန်း) တို့နှင့် ဖက်စပ်ကုမ္ပဏီ ပြုလုပ်၍ ဒေသတွင်းဈေးကွက်၌ ဦးဆောင်နေခြင်းကို ထပ်မံခိုင်မာစေမည်။ ဦးဆောင်နေခြင်းကို ထပ်မံခဲ့ထွင်လိုက်သည်။

ရန်ကုန်၊ မြန်မာနိုင်ငံ၊ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ (၂၈)ရက်။ ။ Grand Guardian Insurance Holding Public Company Limited ("GGIH") သည် (က) အထွေထွေအာမခံလုပ်ငန်းအတွက် Tokio Marine & Nichido Fire Insurance Co.,Ltd ("Tokio Marine") နှင့် ဖက်စပ်ဆောင်ရွက်သည့် Grand Guardian Tokio Marine General Insurance Co., Ltd ကုမ္ပဏီမှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိခဲ့ပြီဖြစ်ပြီး (ခ) အသက်အာမခံ လုပ်ငန်းအတွက် Nippon Life Insurance Company ("Nippon Life") နှင့် ဖက်စပ်ဆောင်ရွက်သည့် Grand Guardian Nippon Life Insurance Co., Ltd ကုမ္ပဏီမှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ရရှိခဲ့ပြီဖြစ်ပါသည်။

Tokio Marine နှင့် Nippon Life တို့သည် ဂျပန်နိုင်ငံ၏ နံပါတ်တစ် အထွေထွေအာမခံလုပ်ငန်းနှင့် အသက်အာမခံ ကုမ္ပဏီများဖြစ်ပါသည်။ GGIH သည် ပြီးပြည့်စုံသော နိုင်ငံတကာစံချိန်မီ အာမခံအမျိုးအစားများကို မြန်မာနိုင်ငံသားများထံ ယူဆောင်လာနိုင်ရန်အတွက် ဂျပန်နိုင်ငံ၏ အကောင်းဆုံးသော အာမခံကုမ္ပဏီများနှင့် ဖက်စပ် ပူးပေါင်းတော့မည်ဖြစ်ပါသည်။ ဤဖက်စပ်ပူးပေါင်းခြင်းတို့ဖြင့် GGIH သည် နိုင်ငံတကာစံချိန်မီ အသက်အာမခံနှင့် အထွေထွေအာမခံတို့ကို one stop service ပေးနိုင်တော့မည်ဖြစ်ပါသည်။

Grand Guardian Tokio Marine General Insurance Co.,Ltd (GGI Tokio Marine) နှင့် Grand Guardian Nippon Life Insurance Co., Ltd (GGI Nippon Life) တို့သည် ဂျပန်နိုင်ငံ၏ အကောင်းဆုံးသောအာမခံ ကုမ္ပဏီများ နှင့် မြန်မာနိုင်ငံ၏အကောင်းဆုံးသောအာမခံကုမ္ပဏီ ပေါင်းစပ်ကြခြင်းဖြစ်ပါသည်။ ဂျပန်နိုင်ငံတွင် ၁၈၇၉ခုနှစ် နှင့် ၁၈၈၉ခုနှစ်တို့၌ စတင်တည်ထောင်ခဲ့ကြသည့် Tokio Marine နှင့် Nippon Life တို့သည် နိုင်ငံတကာမှ အကောင်းဆုံးသောနည်းလမ်းများ၊ နည်းပညာပိုင်းဆိုင်ရာကြွယ်ဝမှု၊ စနစ်ကျနသည့်အုပ်ချုပ်မှု နှင့်

GGI INSURANCE • အာမခံ

**Grand Guardian Insurance Holding Public Co., Ltd.**
No. (19/20) A, B, C, D, Junction Square Compound,
Pyay Road, Kamayut Township,
Yangon, Myanmar.

T (+951) 230 5700, 230 5701
F (+951) 230 4368
Hot Line (+951) 230 6366
E info@ggipinsurance.com
www.ggipinsurance.com

စုံလင်သော ဖြန့်ချီမှုနည်းလမ်းတို့ကို မြန်မာ့အာမခံလုပ်ငန်းနယ်ပယ်သို့ ဆောင်ကျဉ်းလာမည်ဖြစ်ပါသည်။ ပြည်တွင်းဈေးကွက် အနေအထား နှင့် မြန်မာနိုင်ငံသားတို့၏ လိုအပ်ချက်များကို မြန်မာ့အာမခံနယ်ပယ်တွင် ဦးဆောင်လျက်ရှိသော GGIH က ပြည့်ပြည့်ဝဝ သိရှိထားပါသည်။

ဤအကျိုးတူဖက်စပ်ခြင်းဖြင့် GGI Tokio Marine နှင့် GGI Nippon Life တို့သည် နိုင်ငံတကာအဆင့် ကျွမ်းကျင်မှုများဖြင့် ပြည်တွင်းဈေးကွက်အနေအထားနှင့်ကိုက်ညီသော အာမခံများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ငွေကြေးအရင်းအနှီး ပိုမိုတောင့်တင်းလာပြီဖြစ်ပြီး၊ အန္တရာယ်စီမံခန့်ခွဲမှုစနစ်ကိုလည်း အဆင့်မြှင့်တင်နိုင်ခဲ့ပြီဖြစ်ပါသည်။ ဤအကျိုးတူဖက်စပ်ကုမ္ပဏီနှစ်ခုသည် ကမ္ဘာ့အဆင့် နည်းပညာရပ်များကို လက်ခံရယူပြီး အာမခံထားရှိသူ မိတ်ဟောင်း မိတ်သစ်များအား ကောင်းမွန် ပြည့်စုံသည့် အတွေ့အကြုံများ သာမက နိုင်ငံတကာစံချိန်မီ အာမခံအမျိုးအစား နှင့် ဝန်ဆောင်မှုများကိုပါ ပေးအပ်သွားမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိ အာမခံထားသူများအနေဖြင့် ၄င်းတို့ လိုအပ်နေသည့် အာမခံအကာအကွယ်များကို ကိုယ်တိုင်ပုံဖော်ဖန်တီးကာ အာမခံထားရှိခြင်းကို မျှော်မှန်းနိုင်တော့မည်ဖြစ်ပါသည်။

ဤဖက်စပ်ကုမ္ပဏီနှစ်ခုသည် မြန်မာပြည်သူပြည်သားအားလုံးအတွက် ဘဝတွင် တန်ဖိုးအထားရဆုံး နံပါတ်(၁)များကို ကာကွယ်ရန် တိုက်တွန်းလှုံ့ဆော်သည့် လုပ်ဆောင်မှုတစ်ခုကို အတူတကွပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ မြန်မာပြည်သူပြည်သား အများစုသည် အာမခံထားရှိခြင်းနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိသေးသည့်အတွက်ကြောင့် မိသားစု၊ အသက် အိုးအိမ် စည်းစိမ် နှင့် စီးပွားရေး ရေရှည်တည်တံ့ရန်အတွက် အာမခံအကာအကွယ်ရယူကြရန် GGI Tokio Marine နှင့် GGI Nippon Life တို့မှ အသိပညာပေးသွားရန် ရည်ရွယ်ထားပါသည်။

---။ ။---

**Grand Guardian Insurance ၏နောက်ခံ သမိုင်းကြောင်း**

၂၀၁၂ ခုနှစ် ကတည်းကစ၍ GGI သည် မြန်မာ့အာမခံလောကတွင် ယုံကြည်စိတ်ချရဆုံး အာမခံကုမ္ပဏီအဖြစ် ဂုဏ်သတင်းကျော်ဇောလာခဲ့ခြင်းဖြစ်ပါသည်။ ကျွန်ုပ်တို့၏နိုင်ငံ တိုးတက်လာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများနှင့် တစ်ဦးတစ်ယောက်ချင်းစီတိုင်းအတွက် ငွေကြေးဆိုင်ရာ လုံခြုံစိတ်ချမှုပေးနိုင်သည့် ယုံကြည်အားကိုးထိုက်သော အာမခံကုမ္ပဏီများ လိုအပ်လာမည်ဖြစ်ပါသည်။ လူကြီးမင်းတို့ တန်ဖိုးထားရသည့်အရာများကို အကာအကွယ်ပေးနိုင်မည့် အာမခံဝန်ဆောင်မှုများကို ပေးအပ်ရင်း လူကြီးမင်းတို့၏ အနာဂတ်အိမ်မက်များ အကောင်အထည်ဖော်ရာတွင် ယုံကြည်အားထားရသော အာမခံကုမ္ပဏီအဖြစ် GGI တည်ရှိနေပါမည်။

GGI
INSURANCE • အာမခံ

**Grand Guardian Insurance Holding Public Co., Ltd.**
No. (19/20) A, B, C, D, Junction Square Compound,
Pyay Road, Kamayut Township,
Yangon, Myanmar.

T (+951) 230 5700, 230 5701
F (+951) 230 4368
Hot Line (+951) 230 6366
E info@ggipinsurance.com
www.ggipinsurance.com

**Tokio Marine ၏နောက်ခံ သမိုင်းကြောင်း**

၁၈၇၉ခုနှစ်တွင် ဂျပန်နိုင်ငံ၏ ပထမဆုံးသော အာမခံကုမ္ပဏီအဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည့်အတွက် Tokio Marine သည် ဆယ်စုနှစ်ပေါင်းများစွာ ဖြတ်ကျော် အောင်မြင်တိုးချဲ့လာခဲ့ပြီဖြစ်သည့်ကုမ္ပဏီဖြစ်ပါသည်။ Tokio Marine သည် နိုင်ငံပေါင်း ၄၅နိုင်ငံတွင် လုပ်ငန်းလုပ်ဆောင်လျှက်ရှိပြီး ကမ္ဘာ့ငွေကြေးအခိုင်မာဆုံးသော အာမခံကုမ္ပဏီများထဲမှတစ်ခုဖြစ်ပါသည်။ ၂၀၁၉ခုနှစ် မတ်လ စာရင်းအရ Tokio Marine သည် အမေရိကန်ဒေါ်လာ ၂၀၃ဘီလီယံ ပိုင်ဆိုင်မှု၊ အမေရိကန်ဒေါ်လာ ၃၄ဘီလီယံ ဈေးကွက်အရင်းအနှီး၊ ဝန်ထမ်းအင်အား ၄၀၀၀၀ တို့ဖြင့် ဂျပန်နိုင်ငံ၏ အကြီးမားဆုံးသော အာမခံ လုပ်ငန်းစုဖြစ်ပြီး အောင်မြင်မှုများဆက်လက်ရယူရန်အတွက် သင်နှင့်ပူးပေါင်းဆောင်ရွက်ရန် အမြဲအဆင့်သင့် ရှိနေမည်ဖြစ်ပါသည်။

With Tokio Marine, you're in good company

**Nippon Life ၏နောက်ခံ သမိုင်းကြောင်း**

Nippon Life ကုမ္ပဏီသည် အမေရိကန်ဒေါ်လာ ၆၀၀ဘီလီယံကျော် ပိုင်ဆိုင်မှု၊ ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ၄၃. ၁ဘီလီယံ၊ လုပ်ငန်းလည်ပတ်အမြတ်ဝင်ငွေ အမေရိကန်ဒေါ်လာ ၆. ၁ဘီလီယံတို့ဖြင့် ဂျပန်နိုင်ငံ၏ ဦးဆောင်အသက်အာမခံကုမ္ပဏီတစ်ခုဖြစ်ပါသည်။ စတင်တည်ထောင်သည့် ၁၈၈၉ခုနှစ် ကတည်းကပင် Nippon Life သည် တစ်ဦးချင်းအတွက်သာမက အစုအဖွဲ့အလိုက်ထားနိုင်သည့် အာမခံအမျိုးအစားပေါင်းများစွာကို စုံလင်သောဖြန့်ချီရေးနည်းစနစ်များစွာတို့ဖြင့် ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။ ကုမ္ပဏီခွဲများ၊ ချိတ်ဆက်ပူးပေါင်းထားသည့်ကုမ္ပဏီများဖြင့် ရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာစီမံခန့်ခွဲမှုများပံ့ပိုးခြင်း၊ အမျိုးမျိုးသောအာမခံထားသူများ၏ လိုအပ်ချက်များကိုဖြည့်စည်းခြင်းတို့ကို အစဉ်တစိုက်ဆောင်ရွက်လျှက်ရှိပါသည်။ Nippon Life ကုမ္ပဏီသည် ဂျပန်၊ မြောက်အမေရိက၊ ဥရောပ နှင့် အာရှပစိဖိတ်ဒေသတို့တွင် ဝန်ထမ်းပေါင်း ၇၀၀၀၀ကျော်ဖြင့် လုပ်ငန်းဆောင်ရွက်လျှက်ရှိပါသည်။

**MEDIA CONTACT**

Grand Guardian Tokio Marine
General Insurance Co., Ltd

U Myo Naung
CEO
Email : myonaung@ggitokiomarine.com
Mobile : +95 95191988

Grand Guardian Nippon Life
Insurance Co., Ltd

Daw Hnin Sein
Dy. CEO
Email : hninsein@gginipponlife.com
Mobile : +95 9255112822